# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး
## စီရင်ချက်များ၏ ဥပဒေဆိုင်ရာအကျိုးသက်ရောက်မှုများ


စာတမ်းပြုစုသူများ-

၁။ ဒေါ်အိအိစိုး
လက်ထောက်ညွှန်ကြားရေးမှူး
နိုင်ငံတကာဆက်ဆံရေးဌာနခွဲ

၂။ ဒေါ်လှစန်းဝင်း
ဒုတိယဦးစီးမှူး
ဥပဒေဌာနခွဲ



ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်

# မာတိကာ

## ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဥပဒေဆိုင်ရာအကျိုးသက်ရောက်မှုများ

နိဒါန်း

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂။ နိုင်ငံရေးစနစ်

၃။ နိုင်ငံတော်အာဏာများကို ပိုင်းခြားကျင့်သုံးခြင်း

၄။ ဥပဒေပြုရေး

၅။ အုပ်ချုပ်ရေး

၆။ တရားစီရင်ရေး

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၇.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ

၇.၂။ အမှုတင်သွင်းခွင့်ရှိသူများ

၇.၃။ အမှုကြားနာစီရင်ခြင်း

၈။ ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ ဥပဒေဆိုင်ရာအကျိုးသက်ရောက်မှုများအကြောင်း လေ့လာတင်ပြခြင်း

၉။ သုံးသပ်ချက်

နိဂုံး

ကျမ်းကိုးစာရင်း

## ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစီရင်ချက်များ၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများအကြောင်း လေ့လာတင်ပြခြင်း

### နိဒါန်း

ဘူလ်ဂေးရီးယားနိုင်ငံသည် ဥရောပတိုက်အရှေ့တောင်ပိုင်းရှိ ဘော်လကန်ကျွန်းဆွယ်တွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် ပင်လယ်နက် (Black Sea)၊ တောင်ဘက်တွင် ဂရိနိုင်ငံ (Greece) နှင့် တူရကီ (ယခုတူကီယဲ) (Turkiye) နိုင်ငံ၊ အနောက်ဘက်တွင် ဆာဗီးယားနိုင်ငံ(Serbia)၊ ကိုဆိုဗိုနိုင်ငံ (Kosovo)၊ မက်ဆီဒိုနီးယားနိုင်ငံ (Macedonia)နှင့် မြောက်ဘက်တွင် ရူမေးနီးယားနိုင်ငံ (Romania) တို့နှင့် နယ်နမိတ်ချင်းထိစပ်လျက်ရှိပါသည်။ ရူမေးနီးယားနိုင်ငံနှင့် ဘူလ်ဂေးရီးယားနိုင်ငံကြားတွင် ဒန်ညူမြစ် (Danube) က နယ်နိမိတ်သဖွယ် စီးဆင်းလျက်ရှိပါသည်။ ဘူလ်ဂေးရီးယားနိုင်ငံသည် ၄၂,၈၅၄.၉ စတုရန်းမိုင်ကျယ်ဝန်း၍ မြန်မာနိုင်ငံအကျယ်အဝန်း၏ ၆ ပုံ ၁ ပုံ နီးနီးသာရှိသည်။ မြို့တော်မှာ ဆိုဖီယာမြို့ (Sofia) ဖြစ်ပြီး ရုံးသုံးဘာသာစကားမှာ ဘူလ်ဂေးရီယားဘာသာစကားဖြစ်ပါသည်။ ခရစ်ယာန်ဘာသာကို အများဆုံးကိုးကွယ်ကြပါသည်။




**ဘူလ်ဂေးရီးယားနိုင်ငံ၏ တည်နေရာပြမြေပုံ**

## ၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ

ဘူလ်ဂေးရီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ စုစုပေါင်း (၄) ခုရှိပြီး ပထမဆုံးဖွဲ့စည်းပုံအခြေခံဥပဒေမှာ ၁၈၇၉ ခုနှစ် Tarnovo Constitution ဖြစ်ပါသည်[1]။ ဒုတိယအကြိမ်မြောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (Dimitrov Constitution) ကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၁ ခုနှစ်အထိ ကျင့်သုံးခဲ့ပါသည်[2]။ ၁၉၅၇ ခုနှစ်မှစ၍ တတိယမြောက်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် မူကြမ်းတစ်ရပ်ကို ရေးဆွဲခဲ့ကြပြီး အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ (Zhivkov Constitution) မူကြမ်းသည် ၁၉၇၁ ခုနှစ်တွင် အာဏာသက်ဝင်ခဲ့ပါသည်[3]။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် လွှတ်လပ်ပွင့်လင်းသည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် ရှေ့ဆက်သွားရန် ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် စတုတ္ထမြောက်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး[4] ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၃ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် စုစုပေါင်း (၄) ကြိမ်ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါလီမန်စနစ်ကျင့်သုံးသည့် အခြားဥရောပနိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ လွှမ်းမိုးမှုများရှိသည်။

## ၂။ နိုင်ငံရေးစနစ်

ဘူလ်ဂေးရီးယားနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံ (Unitary State) ဖွဲ့စည်းတည်ထောင်ထားသော်လည်း ဒေသန္တရအစိုးရ (local self-government) လည်းထားရှိပါသည်။[5] ကျင့်သုံးသည့် ဥပဒေစနစ်မှာ Civil Law System ဖြစ်ပါသည်။

## ၃။ နိုင်ငံတော်အာဏာများကို ပိုင်းခြားကျင့်သုံးခြင်း

နိုင်ငံတော်အာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ ပိုင်းခြားကျင့်သုံးပါသည်။[6] ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် အမျိုးသားလွှတ်တော် (National Assembly) သို့လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးများအဖွဲ့သို့လည်းကောင်း၊ တရားစီရင်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရားလွှတ်တော်ချုပ် (Supreme Court of

[1] Tarnovo Constitution - Wikipedia
[2] Dimitrov Constitution - Wikipedia
[3] Zhivkov Constitution - Wikipedia
[4] Constitution of Bulgaria - Wikipedia
[5] Atricle 2 of Bulgaria’s Constitution of 1991 (rev.2015)
[6] Atricle 8 of Bulgaria’s Constitution of 1991 (rev.2015)

Cassation)၊ စီမံခန့်ခွဲရေးဆိုင်ရာအမြင့်ဆုံးတရားရုံး (Supreme Administrative Court)၊ အယူခံတရားရုံးများ (Courts of Appeal)၊ ခရိုင်တရားရုံးများ (District Courts)၊ ဒေသဆိုင်ရာတရားရုံးများ (Regional Courts)၊ စစ်ဘက်ဆိုင်ရာ တရားရုံးများ (Courts-Martial) နှင့် ဥပဒေအရတည်ထောင်ထားသည့် အထူးတရားရုံးများသို့ အပ်နှင်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကိုလည်း ဖွဲ့စည်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ တွင် ပါဝင်ခြင်းမရှိဘဲ သီးခြားဖွဲ့စည်းထားသည့် တရားရုံးအဖြစ် ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၈) အပိုဒ် ၁၄၇ မှ အပိုဒ် ၁၅၂အထိ ပြဋ္ဌာန်းထားပါသည်။

## ၄။ ဥပဒေပြုရေး

ဘူလ်ဂေးရီးယားနိုင်ငံ၏ ဥပဒေပြုရေးတွင် အမျိုးသားလွှတ်တော် (National Assembly) ဟု ခေါ်ဆိုသော လွှတ်တော်တစ်ရပ်သာရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ် ၂၄၀ ဦးဖြင့် ဖွဲ့စည်းထားရှိပါသည်။ အဆိုပါလွှတ်တော်သည် ဥပဒေပြုရေးနှင့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ လွှတ်တော်၏ သက်တမ်းမှာ ၄ နှစ်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရန်အတွက် အရည်အချင်းသတ်မှတ်ချက်များမှာ အနည်းဆုံးအသက် ၂၁ နှစ်ပြည့်ပြီးသော ဘူလ်ဂေးရီးယားနိုင်ငံသားဖြစ်ရမည်ဖြစ်ပါသည်။

## ၅။ အုပ်ချုပ်ရေး

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်သည်။ နိုင်ငံတော်သမ္မတကို ၅ နှစ်သက်တမ်းအတွက် ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်များ၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်ပါသည်။ နိုင်ငံတော်သမ္မတ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အသက် ၄၀ နှစ်ပြည့်ပြီးသူ၊ မွေးရာပါနိုင်ငံသားဖြစ်သူ၊ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အရည်အချင်းများနှင့် ပြည့်စုံသူ၊ ဘူလ်ဂေးရီးယားနိုင်ငံတွင် အနည်းဆုံး ၅နှစ်ကြာနေထိုင်ခဲ့သူများအနက်မှ ရွေးကောက်တင်မြှောက်ပါသည်။

နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်ပါသည်။[7]

[7] Atricle 100 of Bulgaria’s Constitution of 1991 (rev.2015)

ဝန်ကြီးများအဖွဲ့တွင် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများပါဝင်ပါသည်။ ဝန်ကြီးများအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်းမူဝါဒနှင့် နိုင်ငံခြားရေးမူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်ပါသည်။

## ၆။ တရားစီရင်ရေး

ဘူလ်ဂေးရီးယားနိုင်ငံ၏ တရားရုံးများတွင် တရားလွှတ်တော်ချုပ် (Supreme Court of Cassation)၊ စီမံခန့်ခွဲရေးဆိုင်ရာအမြင့်ဆုံးတရားရုံး (Supreme Administrative Court)၊ အယူခံတရားရုံးများ (Courts of Appeal)၊ ခရိုင်တရားရုံးများ (District Courts)၊ ဒေသဆိုင်ရာတရားရုံးများ (Regional Courts)၊ စစ်ဘက်ဆိုင်ရာတရားရုံးများ (Courts-Martial) နှင့် ဥပဒေအရတည်ထောင်ထားသည့် အထူးတရားရုံးများစသည်တို့ ပါဝင်ပါသည်။[8]

## ၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး ၁၂ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ တရားသူကြီး ၄ ဦးကို အမျိုးသားလွှတ်တော်ကလည်းကောင်း၊ တရားသူကြီး ၄ ဦးကို နိုင်ငံတော်သမ္မတကလည်းကောင်း၊ ကျန်တရားသူကြီး ၄ ဦးကို တရားလွှတ်တော်ချုပ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာအမြင့်ဆုံးတရားရုံးများ၏ တရားသူကြီးများပါဝင်သော ပူးတွဲအစည်းအဝေး (a joint meeting of the judges of the Supreme Court of Cassation and the Supreme Administrative Court) ကလည်းကောင်း အသီးသီးရွေးချယ်ခန့်အပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးဖြစ်ရန်အတွက် ဘူလ်ဂေးရီးယားနိုင်ငံသားဖြစ်ရမည်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ဥပဒေပညာတွင် နှံ့စပ်ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံ ၁၅ နှစ်ထက်မနည်းရှိသူဖြစ် ရမည်ဖြစ်ပါသည်[9]။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးများ၏သက်တမ်းသည် ၉ နှစ်ဖြစ်ပြီး ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိပါ။ တရားသူကြီး ၃ ပုံ ၁ ပုံကို ၃ နှစ်တစ်ကြိမ် အသစ်ပြန်လည် ရွေးချယ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဥက္ကဋ္ဌကို ယင်းတရားရုံး၏ တရားသူကြီး ၁၂ ဦးအနက်မှ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ပါသည်။

---

[8] Atricle 119 of Bulgaria’s Constitution of 1991 (rev.2015)

[9] The judges of the Constitutional Court shall be lawyers of high professional and moral integrity and with at least fifteen years of professional experience under Atricle 147 of Bulgaria’s Constitution of 1991 (rev.2015)

ဥက္ကဋ္ဌ၏ သက်တမ်းသည် ၃ နှစ်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးများသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဆင့်အတန်းတူညီပါသည်။[10]

### ၇.၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ

ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များမှာ–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) အမျိုးသားလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများနှင့် အခြားသော ဆောင်ရွက်ချက်များ၊ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ စိစစ်ခြင်း၊

(ဂ) အမျိုးသားလွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးများအဖွဲ့ (Council of Ministers) တို့အကြား ဖြစ်ပွားသည့်အငြင်းပွားမှုများ၊ အုပ်ချုပ်ရေးဆိုင်ရာဗဟိုအဖွဲ့အစည်းများနှင့် ဒေသန္တရအဖွဲ့အစည်းများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများအား စီရင်ခြင်း၊

(ဃ) ဘူလ်ဂေးရီးယားနိုင်ငံမှ ချုပ်ဆိုသည့် အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(င) နိုင်ငံရေးပါတီများနှင့် ယင်းတို့၏ အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့် အငြင်းပွားမှု များကို စီရင်ခြင်း၊

(စ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား ရွေးကောက်တင်မြှောက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိမရှိ စီရင်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိမရှိ စီရင်ခြင်း၊

[10] Atricle 147 of Bulgaria’s Constitution of 1991 (rev.2015)

(ဇ) လွှတ်တော်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ စိစစ်ခြင်းတို့ဖြစ်ပါသည်။[11]

**၇.၂။ အမှုတင်သွင်းခွင့်ရှိသူများ**

ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းခွင့်ရှိသူများမှာ–

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ပုံ ၁ ပုံ၊

(ခ) နိုင်ငံတော်သမ္မတ၊

(ဂ) ဝန်ကြီးများကောင်စီ၊

(ဃ) တရားလွှတ်တော်ချုပ် (Supreme Court of Cassation)၊

(င) စီမံခန့်ခွဲရေးဆိုင်ရာအမြင့်ဆုံးတရားရုံး (Supreme Administrative Court)၊

(စ) ရှေ့နေချုပ်တို့ဖြစ်ပါသည်။

ထို့ပြင် အမျိုးသားလွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးများကောင်စီတို့အကြားဖြစ်ပွားသည့် အငြင်းပွားမှုများ၊ အုပ်ချုပ်ရေးဆိုင်ရာဗဟိုအဖွဲ့အစည်းများနှင့် ဒေသန္တရအဖွဲ့အစည်းများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း Municipal Council က တင်သွင်းနိုင်ကြောင်း၊ ဥပဒေတစ်ရပ်သည် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ကြောင်းတွေ့ရှိပါက လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ် (Ombudsman) က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်သည့် ဥပဒေတစ်ရပ်ရပ်ကိုတွေ့ရှိပါက အဆိုပါဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း အတည်ပြုပေးရန် တရားစီရင်ရေးကောင်စီ (Supreme Judicial Council) က တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။[12]

---

[11] Atricle 149 of Bulgaria’s Constitution of 1991 (rev.2015)

[12] Atricle 150 of Bulgaria’s Constitution of 1991 (rev.2015)

### ၇.၃။ အမှုကြားနာစီရင်ခြင်း

ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုများကို ကြားနာရာတွင် အနည်းဆုံး တရားသူကြီး ၃ ပုံ ၂ ပုံ တက်ရောက်ရမည်ဖြစ်ပြီး စီရင်ချက်ချမှတ်ရာတွင် တရားသူကြီးအားလုံး၏ များရာဆန္ဒမဲဖြင့် စီရင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များသည် အပြီးအပြတ်ဖြစ်ပြီး အမျိုးသားလွှတ်တော်အပါအဝင် နိုင်ငံအတွင်းရှိ အဖွဲ့အစည်းများ၊ နိုင်ငံသားများအားလုံးအပေါ်တွင် စည်းနှောင်းမှုရှိပါသည်။[13]

## ၈။ ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်များ၏ဥပဒေဆိုင်ရာအကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဘူလ်ဂေးရီးယားနိုင်ငံ၏ Anna-Maria Atanasova (Legal expert) က လေ့လာတင်ပြသည့် စာတမ်း

အာရှဒေသ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်ရေးစင်တာ (Center for Training and Human Resources Development (CTHRD)) ၏ (၉) ကြိမ်မြောက် နွေရာသီသင်တန်းကျောင်းအစီအစဉ် (Summer School Program) ကို တူရကီနိုင်ငံ (ယခုတူကီယဲနိုင်ငံ) ၏ အန်ကာရာမြို့တွင် "Current Problems in Execution of Judgments: Constitutional Justice" ခေါင်းစဉ်ဖြင့် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ တူရကီနိုင်ငံ (ယခုတူကီယဲနိုင်ငံ)၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဦးဆောင်၍ Online စနစ်ဖြင့် ကျင်းပခဲ့ပါသည်။ ယင်းနွေရာသီသင်တန်းကျောင်းအစီအစဉ်တွင် ဘူလ်ဂေးရီးယားနိုင်ငံ Anna-Maria Atanasova (Legal expert) က ဖတ်ကြားတင်ပြခဲ့သောစာတမ်းအား လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

**စာတမ်းရှင်က "ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး စီရင်ချက်၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေလွှမ်းမိုး သက်ရောက်မှုနှင့် ဥပဒေအရခိုင်မာမှုတို့အကြား ထိန်းညှိခြင်း" ခေါင်းစဉ်ဖြင့်–**

ဘူလ်ဂေးရီယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ခြင်းသည် ၎င်းစီရင်ချက်များ၏ ဥပဒေ

[13] Atricle 151 of Bulgaria's Constitution of 1991 (rev.2015)

ဆိုင်ရာ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှုအပေါ် မူတည်သည်။ ပထမဦးစွာ ဘူလ်ဂေးရီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တစ်ဦးချင်း တိုက်ရိုက်တိုင်လျှောက်မှုမပြုနိုင်သကဲ့သို့ နိုင်ငံသားများက သွယ်ဝိုက်သောနည်းဖြင့် အမှုတိုင်လျှောက်နိုင်သည့် အထူးလုပ်ထုံးလုပ်နည်းလည်း မရှိပေ။ အမြင့်ဆုံးနိုင်ငံ အာဏာပိုင်များဖြစ်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ အနည်းဆုံး ၅ ပုံ ၁ ပုံကဖြစ်စေ၊ နိုင်ငံတော်သမ္မတကဖြစ်စေ၊ ဝန်ကြီးများကောင်စီကဖြစ်စေ၊ တရားလွှတ်တော်ချုပ်ကဖြစ်စေ၊ စီမံခန့်ခွဲရေးတရားရုံးချုပ်ကဖြစ်စေ သို့မဟုတ် အစိုးရရှေ့နေကဖြစ်စေ၊ အခြေခံအခွင့်အရေးများအား ထိခိုက်စေသည့် ဥပဒေတစ်ရပ်နှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးစောင့်ကြပ်ကြည့်ရှုသူ (Ombudsperson) နှင့် ရှေ့နေများကောင်စီတို့ကသာလျှင် တရားရုံးကို တင်သွင်းနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဓိကတာဝန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအားအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ အတည်မပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ စီရင်ခြင်း၊ နိုင်ငံတကာမှ အသိအမှတ်ပြုထားသော အပြည်ပြည်ဆိုင်ရာ၏ဥပဒေစံများနှင့် ပြည်တွင်းဥပဒေများသည် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊ နိုင်ငံတော်သမ္မတအား စွပ်စွဲပြစ်တင်ခြင်း သို့မဟုတ် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အချင်းသတ်မှတ်ချက်အား စိစစ်ခြင်းစသည့်တို့မှတစ်ဆင့် စည်းနှောင်အားရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုကို အာမခံပေးရန်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော ဥပဒေတစ်ရပ် သို့မဟုတ် ဓလေ့ထုံးစံနှင့်မကိုက်ညီသော ဥပဒေတစ်ရပ်ကို စိစစ်တွေ့ရှိပါက ယင်းသို့မညီညွတ်ကြောင်း စီရင်ချက်ချမှတ်လိုက်သည့် နေ့မှစ၍ ယင်းဥပဒေကို ကျင့်သုံးခြင်းမှ ရပ်စဲသွားပါသည်။ စင်စစ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်တစ်ရပ်ကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းဆိုင်ရာ စီရင်ချက်တစ်ရပ်သည် ချမှတ်လိုက်သည့်အချိန်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပြဋ္ဌာန်းချက်တစ်ရပ်ဖြစ်လာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်စီရင်ချက်များသည် အမှုနှင့်သက်ဆိုင်သူများသာမက တရားရုံးများအားလုံး၊ နိုင်ငံတော်အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံသားများအားလုံးအတွက် အပြီးအပြတ်အတည်ဖြစ်ပြီး ဥပဒေအရ စည်းနှောင်မှုရှိသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များသည် တရားစီရင်ရေးကဏ္ဍရှိ တရားရုံးများ၏ စီရင်ချက်များနှင့် ကွဲပြားခြားနားကြောင်း မြင်သာပါသည်။ တရားရုံးများက အမှုသည်များ၏လိုလားချက်အပေါ် မူတည်၍ ဥပဒေကို အမှုသည်များအကြားဖြစ်စေ၊ နိုင်ငံတော်နှင့်အမှုသည်များအကြား ဖြစ်စေ ကျင့်သုံးပါသည်။ ယင်းသည် ညီညွတ်မှုမရှိသည့် အငြင်းပွားမှုပေါ်ပေါက်လာပြီး ယင်းတို့ကိုဖြေရှင်းဆောင်ရွက်ရန်အတွက် နည်းလမ်းများကို အစပျိုးဆောင်ရွက်ရန် လိုအပ်ပေသည်။

အခြားတစ်ဖက်တွင်လည်း ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အငြင်းပွားမှုများကို မဖြေရှင်းပေ။ (ခြွင်းချက်အနေဖြင့် နိုင်ငံတော်သမ္မတကို စွပ်စွဲပြစ်တင်ခြင်း သို့မဟုတ် အစိုးရအရာရှိများ၏ အရည်အချင်းသတ်မှတ်ချက်စိစစ်ခြင်း) သို့ရာတွင် တရားရုံး၏ အဓိကတာဝန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဥပဒေစနစ်ကို ညီညွတ်မှုဖြစ်စေရန်ကို အာမခံပေးရန်တို့ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်စီရင်ချက်များသည် အချို့သောဥပဒေများကို အတည်ဖြစ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုပေးခြင်းအားဖြင့် အများပြည်သူဆိုင်ရာမူဝါဒကို ဖြစ်ပေါ်စေပါသည်။ တရားရုံး၏ စီရင်ချက်များစည်းနှောင်မှုရှိခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ချမှတ်ထားသည့်ဥပဒေများကို ဆက်လက်မကျင့်သုံးစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မှန်ကန်သောနည်းလမ်းဖြင့် အဓိပ္ပါယ်ဖွင့်ဆိုပေးရန် အာမခံပေးသည်။ ယင်းစီရင်ချက်များကို မှန်ကန်သောနည်းလမ်းဖြင့် အသုံးပြုရန်အတွက် ထိန်းချုပ်ပေးသည့်အခွင့်အာဏာကို တရားစီရင်ရေး၏မူဘောင်အောက်ရှိ မူလတရားရုံးများသို့ အပ်နှင်းထားသည်။

ထို့ကြောင့် ဘူလ်ဂေးရီးယားနိုင်ငံ၏ ဥပဒေစနစ်တွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုသည် မည်သည့်အရာများ ပါဝင်ဖွဲ့စည်းသည်နှင့်စပ်လျဉ်း၍ ဖော်ပြထားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ၎င်း၏စီရင်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်စေရန်အတွက်သာမက ယင်းစီရင်ချက်များ၏ အကျိုးသက်ရောက်မှုနှင့် မူလတရားရုံးများက ထိုစီရင်ချက်ကို လိုက်နာကျင့်သုံးရာတွင် ကြုံတွေ့ရသည့် အခက်အခဲများလည်းပါဝင်ပေသည်။ ထို့ကြောင့် စီရင်ချက်များ၏ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ အချို့သော စိတ်ဝင်စားဖွယ်ရာအငြင်းပွားမှုများကို ချမှတ်

ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်တစ်ရပ်ကို တင်ပြရန် စာတမ်းရှင်က ရွေးချယ်ထားပါသည်၊ အထူးအားဖြင့် စီရင်ချက်များ၏ ယာယီကျင့်သုံးမှု အား တင်ပြထားပါသည်။

**ပေါ်ပေါက်လာသည့် ဥပဒေဆိုင်ရာ အငြင်းပွားမှုမှာ အမှုအမှတ် ၅/၂၀၁၉ ဘူလ်ဂေးရီးယားနိုင်ငံ၏ တော်ဝင်မိသားစုပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း များနှင့်သက်ဆိုင်သော အမှုဖြစ်ပါသည်။** ၁၉၄၄ ခုနှစ်၊ ကွန်မြူနစ်အာဏာ ကြီးစိုးချိန် တွင် အသက် ၅ နှစ်အရွယ်သာရှိသေးသည့် ငယ်ရွယ်သေးသည့် ဘုရင် Simeon saxcoburggotski ကို နန်းချပြီး ပြည်နှင်ဒဏ်ပေးခဲ့သည်။ အကျိုးဆက်အနေဖြင့် ၎င်းသည် စပိန်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထိုအချိန်တွင် တော်ဝင်မိသားစု အမှန်တကယ် ပိုင်ဆိုင်ခဲ့သော အိမ်ခြံမြေများအားလုံးကို ဥပဒေဆိုင်ရာတရားမျှတမှု လုံးဝမရှိဘဲ အဆိုပါအထူးဥပဒေတစ်ရပ်ဖြင့် နိုင်ငံပိုင်အဖြစ် သိမ်းယူခဲ့သည်။ ဆိုလို သည်မှာ အများပြည်သူအတွက် လိုအပ်ကြောင်း သက်သေအထောက်အထားမပြ သည့်အပြင် ကြိုတင်လျော်ကြေးလည်းမပေးဘဲ သိမ်းယူခဲ့ခြင်းဖြစ်သည်။ အရေးကြီး သည့်မှတ်သားရန်အချက်တစ်ရပ်မှာ အထူးဥပဒေသည် သီးခြားဥပဒေတစ်ရပ်ဖြစ် သည်။ ယင်းဥပဒေသည် အများပြည်သူအတွက် မဟုတ်သကဲ့သို့ သမာရိုးကျဥပဒေ များကဲ့သို့ ဆက်လက်ကျင့်သုံးရန်မလိုသည့် ဥပဒေဖြစ်သည်။ ယင်းဥပဒေမှာ သီးခြား လူတစ်စုအပေါ် ကျင့်သုံးသည့် ပုဂ္ဂလိကဆိုင်ရာဥပဒေကဲ့သို့ဖြစ်ပြီး ယင်း၏ဥပဒေ ဆိုင်ရာ အကျိုးသက်ရောက်မှုမှာလည်း တစ်ကြိမ်မျှသာဖြစ်ပြီး ဆက်လက်ကျင့်သုံးရန် မလိုသည့်အတွက် ရပ်ဆိုင်းခဲ့ရသည့် ဥပဒေဖြစ်သည်။

၁၉၈၉ ခုနှစ်၊ ကွန်မြူနစ်အစိုးရကျရှုံးပြီးနောက် ၉ နှစ်အကြာ ၁၉၉၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ယင်းဥပဒေသည် ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်ခွင့်ကို ဆန့်ကျင်နေသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း စီရင်ချက်တစ်ရပ် ချမှတ်ခဲ့သည်။

အကျိုးရလဒ်အနေဖြင့် ယခင်တော်ဝင်မိသားစုဝင်များက ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်ကို အကောင်အထည်ဖော်ပေးရန်နှင့် ၎င်းတို့၏ ပစ္စည်းများကို ဥပဒေအရ *(de jure)* နှင့် လက်တွေ့ပြန်ပေးရန် *(de facto)* တရားစွဲဆိုခဲ့ သည်။ သို့ရာတွင် ယင်းတရားစွဲဆိုမှုပါ အကြောင်းအရာတွင် ဥပဒေဆိုင်ရာပြဿနာ များစွာ ပေါ်ပေါက်လာခဲ့သည်။ ပထမဆုံးအနေဖြင့် ထိုစဉ်က တော်ဝင်မိသားစုပိုင်ဆိုင် သည့် ပစ္စည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ချမှတ်ခဲ့သည့်

ဥပဒေတွင် ပြဋ္ဌာန်းထားသောစာရင်းပါ ပစ္စည်းများအားလုံးအပေါ် အကျုံးဝင်ခြင်း ရှိ မရှိ သို့မဟုတ် ယင်းပစ္စည်းများကို နိုင်ငံတော်က ပိုင်ဆိုင်ခဲ့ပြီး တော်ဝင်မိသားစုမှာ ငှားရမ်းနေထိုင်သူများသာဖြစ်မဖြစ်အပေါ် သံသယများစွာရှိနေဆဲဖြစ်ပါသည်။ အဆိုပါအမှုတွင် ပစ္စည်းများသည် မူလကတည်းက တော်ဝင်မိသားစုက ပိုင်ဆိုင်ခဲ့ခြင်းမရှိပါက ယင်းပစ္စည်းကို ပြန်ပေးရန် မဖြစ်နိုင်ပေ။ အဓိကအလေးထားမှတ်သားရမည့်အချက်မှာ အဆောက်အဦအားလုံးကို တော်ဝင်မိသားစု၏ ငွေကြေးဖြင့်မဟုတ်ဘဲ အများပြည်သူပိုင်ငွေကြေးဖြင့် ဆောက်လုပ်ခဲ့ခြင်းဆိုသည့်အချက်ပင်ဖြစ်သည်။ အဆိုပါအချက်သည် အကြောင်းချင်းရာပြဿနာဖြစ်ပြီး ယင်းကို စစ်ဆေးရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မဟုတ်ဘဲ မူလတရားရုံးက စစ်ဆေးရန်ဖြစ်သည်။ နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ စီရင်ချက်များ၏ ဥပဒေဆိုင်ရာအကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ အဓိကအငြင်းပွားမှုတစ်ရပ်အဖြစ် ရယူစီရင်ခဲ့သည်။

တင်ပြပြီးဖြစ်သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များသည် နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်းမရှိဘဲ ယခုမှစ၍ *(ex nune)*[14] နောင်တွင် လိုက်နာကျင့်သုံးရမည့် စီရင်ထုံးဥပဒေ (case law) ဖြစ်သည်။ သို့သော် ဤစီရင်ချက်အရ တော်ဝင်မိသားစုပိုင်ပစ္စည်းများကို နိုင်ငံပိုင်သိမ်းယူသည့်ဥပဒေကဲ့သို့ တစ်ကြိမ်တည်းသာထင်ရှားစွာကျင့်သုံးခဲ့သည့်ဥပဒေတစ်ရပ်၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုအနေဖြင့် နောင်တွင်လိုက်နာကျင့်သုံးရန်မှာ ခဲယဉ်းသည်ဟု ယူဆရသည်။ ဤအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟူသော စီရင်ချက်သည် နောင်အတွက်သာ လိုက်နာကျင့်သုံးရမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီသော အဆိုပါဥပဒေ၏ အကျိုးသက်ရောက်မှုကြောင့် နစ်နာမှုကို အပြည့်အဝကုစားပေးရန် မဖြစ်နိုင်ချေ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သောဥပဒေကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် အခြေအနေကိုလည်း လက်ခံရမည်ဖြစ်သည်။ အကယ်၍ နောင်တွင် ကျင့်သုံးရန်မလိုသည့်ဥပဒေကို ရပ်ဆိုင်းလိုက်မည်ဆိုပါက စီရင်ချက်အာဏာသက်ဝင်သည့်နေ့မှစ၍ ပစ္စည်းများကို အလိုအလျောက်ပြန်လည်ရရှိစေနိုင်သလော သို့မဟုတ် ယင်းကိစ္စအတွက် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန်လိုသလော မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

---

[14] ex nune means from now on

ထို့ကြောင့် အချိန်ကာလအတိုင်းအတာတစ်ခုထိသာ ကျင့်သုံးခဲ့သည့် ဥပဒေနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစီရင်ချက်၏ ဥပဒေတစ်ရပ်၏ အာဏာသက်ရောက်မှုမှာ နောက်ကြောင်းပြန်အာဏာသက်ရောက်မှုရှိသည် (retroactive) သို့မဟုတ် စီရင်ချက်ချက်မှတ်ပြီးသည့်အချိန်မှစ၍ နောင်အတွက်သာ *(ex nunc)* အကျိုးသက်ရောက်မည်ဆိုခြင်းကို တရားလွှတ်တော်ချုပ်က သိရှိရန်လိုအပ် လာသည်။

သို့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့်အညီ အုပ်ချုပ်သော နိုင်ငံတစ်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များ၏အကျိုးသက်ရောက်မှုကို သွေဖယ်သွားစေခြင်း ကို လက်ခံနိုင်ခြင်းမရှိကြောင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုကို ထိန်းညှိဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖော်ပြခဲ့သည်။ တရားရုံးများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏စီရင်ချက်ကို နောင်တွင်အကျိုးသက်ရောက်မှုအဖြစ် အသုံးပြုမည်ဆိုပါက အချိန်နှင့်အမျှ ထပ်တလဲလဲဆက်လက် ဖြစ်ပေါ်မည့် ဥပဒေဆိုင်ရာအကျိုးဆက်များဖြစ်ပေါ်စေမည့် စည်းမျဉ်းဆိုင်ရာဥပဒေများနှင့်သာ အပြည့်အဝသက်ဆိုင်သည်ဟု စီရင်ခဲ့သည်။ တစ်ကြိမ်တည်းသာ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည့် ဥပဒေများနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးမူ သဘောတရားများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှု၏မူသဘော တရားများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစီရင်ချက်၏အကျိုးသက်ရောက်စေမှုမူ သဘောတရားများသည် ယင်းစီရင်ချက်များအား နောက်ကြောင်းပြန်ကျင့်သုံးရန်လိုအပ်ဟု ဆိုသည်။

တရားရုံးက ထပ်မံ၍ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိရန်အတွက် ထိန်းညှိဆောင်ရွက်ပေးခြင်း၏ အဓိကရည်ရွယ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ လွှမ်းမိုးသက်ရောက်မှုကို အာမခံခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးမှုကိုအာမခံပေးနိုင်သည့် ဖြစ်နိုင်ချေနှစ်ရပ်မှာ ဥပဒေစံအဖြစ်သတ်မှတ်ထားသည့် ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်ကိစ္စတွင် တရားဥပဒေစိုးမိုးရေးမူဆိုင်ရာအမြင်နှစ်ရပ်မှာ ထင်ရှားစွာပေါ်ပေါက်သည်ကိုဆိုခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟူသော စီရင်ချက်၏ (*ex nunc*) အကျိုးသက်ရောက်မှုသည် (တရားဥပဒေစိုးမိုးရေးကို သာမန်ရှုထောင့်မှကြည့်မည် ဆိုပါက) ဥပဒေဆိုင်ရာခိုင်မာမှုကို နားလည်သဘောပေါက်ခြင်းဖြစ်ပြီး နောက်ကြောင်းပြန်အာဏာသက်ရောက်

ခြင်းသည် (*ex tunc*)[15] (တရားဥပဒေစိုးမိုးရေး၏ အဓိက ရှုထောင့်မှကြည့်မည်ဆိုပါက) တရားမျှတဆိုင်ရာမှု (the rule of justice) နှင့်နီးစပ်၍ တရားဥပဒေဆိုင်ရာအကျိုးဆက်များကို ဆောင်ကြဉ်းပေးသည်။ ယခုအမှုတွင် တရားဥပဒေစိုးမိုးရေးမှုသဘောတရား၏ ရှုထောင့် (၂) ခုအကြား ပွတ်တိုက်မှုမရှိပါ။ အကြောင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားမျှတမှု၏ အဆုံးစွန်သောရည်ရွယ်ချက်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုကို အာမခံပေးသည့် စီရင်ချက်တစ်ရပ်ကို ချမှတ်ခြင်းကြောင့်နှင့် ယင်းစီရင်ချက်များ၏ နောက်ကြောင်း ပြန်အကျိုးသက်ရောက်မှုကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး၏ စီရင်ချက်အတွက်ဖြစ်နိုင်ချေရှိသည့်အဖြေမှာ နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းဖြစ်သည်။ ထို့ပြင် နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်းက ဥပဒေဆိုင်ရာခိုင်မာမှုကို ထိပါးခြင်း မဖြစ်နိုင်ပါ။ အကြောင်းမှာ ထိုဥပဒေသည် အကျိုးသက်ရောက်မှု တစ်ကြိမ်သာဖြစ်ပေါ်စေပြီး ရပ်တန့်သွားသည့်အတွက်ဖြစ်သည်။ ထို့ကြောင့် နောက်ကြောင်းပြန်ခြင်းအတွက် မည်သည့်ကုစားမှုမှ ပေးနိုင်မည် မဟုတ်ပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ချမှတ်ထားသော ၎င်း၏စီရင်ချက်များသည် စီရင်ချက်ချမှတ်ချိန်မှစ၍ နောင်တွင် (*ex nunc*) ဥပဒေတစ်ရပ်အဖြစ် ကျင့်သုံးခြင်းမှုသဘောတရား၏ ခြွင်းချက်ကိုလည်း ဖော်ပြထားသည်။ အဆိုပါအမှုတွင် တရားရုံးက တရားစီရင်မှုအား ဆိုင်းငံ့ထားစဉ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ကြေညာထားသည့် ဥပဒေတစ်ရပ်ကို တရားစီရင်မှုတွင် အသုံးပြုနိုင်ခြင်းမရှိချေဟု စီရင်ထားပါသည်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အချိန်တွင် ယင်းဥပဒေအပေါ်အခြေခံ၍ ပြုလုပ်မှုများသည် တရားဝင်မှုရှိသော်လည်း ယင်းဥပဒေအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ကြေညာလိုက်သည့်အခါတွင် လုပ်ထုံးလုပ်နည်းများသည် ဆိုင်းငံ့ထားရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်ကို မူလတရားရုံးများက လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်အခြေခံ၍ သုံးသပ်ချက်သည် တရားရုံးများ၏ တရားစီရင်မှုများတွင် ရည်ညွှန်းကိုးကားရန် လိုအပ်သည်။ ထို့ကြောင့် ဥပဒေပြုသူ၏ ရည်ရွယ်ချက်မှာ ဆိုင်းငံ့ထားသည့်မှုခင်းကိစ္စများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဥပဒေကို အသုံးပြုခြင်းမှ တားမြစ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

[15] Ex tunc is a legal term derived from Latin, and means "**from the outset**"

ယင်းကဲ့သို့မပြုပါက တရားဥပဒေစိုးမိုးရေးမူသဘောတရားများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုနှင့် ထိရောက်သော တရားစီရင်ရေးဆိုင်ရာ အကာအကွယ်ပေးမှုတို့ကို ဖောက်ဖျက်ရာရောက်မည်ဖြစ်သည်။

အမြင်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုသကဲ့သို့ တွေ့မြင်ရသည်။ အဘယ်ကြောင့်ဆိုသော တရားရုံး၏ စီရင်ချက်သည် ချမှတ်သည့်အချိန်မှစ၍ လိုက်နာကျင့်သုံးရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည့်အတွက်ဖြစ်သည်။ အမှန်အားဖြင့် တရားရုံးသည် ယင်းအမှုနှင့်စပ်ဆိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေးဆိုင်ရာမူသဘောတရားများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုနှင့် တရားရုံးစီရင်ချက်များ၏ ထိရောက်မှုတို့ကိုလည်း ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ထိရောက်မှုရှိသည့် ဥပဒေဆိုင်ရာစံသတ်မှတ်ချက် (dynamic legal realities) များဖြစ်စေရန်အလို့ငှာ ၎င်း၏ စီရင်ချက်များကို စီရင်ထုံးဥပဒေ (case law) သဖွယ် ချဲ့ထွင်ခဲ့ပါသည်။ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုနှင့် ၎င်း၏စီရင်ချက်များအား ထိရောက်စွာ အကျိုးသက်ရောက်မှုတို့ကို ထိန်းကျောင်းအတည်ပြုပေးခဲ့ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ စီရင်ချက်များ လိုက်နာအကောင်အထည်ဖော်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ လက်တွေ့တွင် အရေးပါမှုကို ဂရုပြုရမည်ဟု ပြန်ကြားခဲ့ပါသည်။ သို့ရာတွင် တရားရုံးသည် ၎င်း၏စီရင်ချက်များ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုရှိခြင်းနှင့်စပ်လျဉ်းသည့် သဘောတရားနှင့် စီရင်ထုံးဥပဒေ၏အငြင်းပွားမှုကို ပြန်လည်မဖြေကြားခဲ့ပါ။

အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တော်ဝင်မိသားစုပိုင်ပစ္စည်းများကို ပြည်သူပိုင်သိမ်းသည့် ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိဟူသော စီရင်ချက်က ပစ္စည်းများကို အလိုအလျောက် ပြန်လည်ရပိုင်ခွင့်ရှိမရှိ သို့မဟုတ် အမျိုးသားလွှတ်တော်က ဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းရန်လိုအပ်သည်ဆိုသည့် အငြင်းပွားမှုကို အဖြေမပေးခဲ့ပေ။ ဒုတိယအချက်သည် ကွန်မြူနစ်စနစ်ကြီးစိုးစဉ် သိမ်းယူခဲ့သော အခြားသောပစ္စည်းများအတွက် ပို၍သင့်လျော်ပြီး ဥပဒေဆိုင်ရာရှင်းလင်းသေချာမှုရှိစေရန်အလို့ငှာ ၁၉၈၉ ခုနှစ်တွင် မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ခဲ့ပါသည်။

အများသူဆိုင်ရာအကျိုးစီးပွားနှင့်စပ်လျဉ်းသည့် အခြားအမှုတစ်ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်များ၏ ယာယီကျင့်သုံးမှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာသောကြောင့် အမှုအား တရားရုံးတွင် လတ်တလော ဆိုင်းငံ့ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှု (Supremacy of the Constitution) နှင့် ဥပဒေကြောင်းအရခိုင်မာမှု (Legal Certainty) တို့အကြား ဟန်ချက်ညီရန် လိုအပ်ကြောင်း ဖော်ပြထားသည့်အမှုဖြစ်သည်။

အမှုမှာ လက်ရှိစီးပွားရေးဝန်ကြီးအား စွဲဆိုခြင်းဖြစ်ပြီး ၎င်းသည် ဘူလ်ဂေးရီးယားနိုင်ငံနှင့် ကနေဒါနိုင်ငံသားဖြစ်သောကြောင့် ရာထူးအတွက် အရည်အချင်း မပြည့်မီဟု စွပ်စွဲခံထားရသူဖြစ်ပါသည်။ ဘူဂေးရီးယားဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံတော်သမ္မတတို့သည် အဆိုပါ ရာထူးများကို ဝင်ရောက်ယှဉ်ပြိုင်ချိန် သို့မဟုတ် ရာထူးခန့်အပ်ခြင်းခံရချိန်တွင် ဘူဂေးရီးယားနိုင်ငံသားဖြစ်ရန် လိုအပ်သည်။ လက်ရှိဝန်ကြီးသည် ရာထူးမခန့်အပ်မီ ၎င်း၏ ကနေဒါနိုင်ငံသားဖြစ်ခွင့် ကို စွန့်လွှတ်ခဲ့သော်လည်း ကနေဒါအာဏာပိုင်များက တရားဝင်အသိအမှတ်ပြုလက်မှတ်ကို ရာထူးတာဝန်ထမ်းဆောင်ပြီးနောက်မှ ထုတ်ပေးခဲ့သည်။ ကနေဒါနိုင်ငံ၏ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ကို ဖျက်သိမ်းခြင်းသည် သက်သေခံလက်မှတ်ထုတ်ပေးသည့်နေ့မှစ၍ အပြီးအပြတ်ဖြစ်သည်။ ဘူဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး၏ စီရင်ထုံးဥပဒေတွင် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ပွဲတွင် စာရင်းသွင်းသည့်အချိန် သို့မဟုတ် ခန့်အပ်ခံရချိန်တွင် ဘူဂေးရီးယားနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ထိုအချိန်တွင် တတိယနိုင်ငံအာဏာပိုင်များထံမှ တရားဝင်အတည်ပြုချက်ရှိရမည်ဖြစ်သည်။

ယင်းအခြေအနေတွင် ဝန်ကြီး၏ အရည်အချင်းမပြည့်မီမှုကို အတည်ပြုပါက စိတ်ဝင်စားဖွယ် ဥပဒေဆိုင်ရာပြဿနာများ ပေါ်ပေါက်လာမည်ဖြစ်သည်။ အရည်အချင်းမပြည့်မီ၍ ရာထူးအား စွန့်လွှတ်မည်ဆိုပါက ဝန်ကြီးဖြစ်စဉ်က ပြုလုပ်မှုများသည် မည်သို့ဖြစ်မည်နည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်သည် နောင်တွင် အကျိုးသက်ရောက်မည်ဆိုပါက ဝန်ကြီးသည်ရာထူးမှနုတ်ထွက်လျှင်တောင်မှ ၎င်း၏ပြုလုပ်မှုများသည် ဆက်လက်အာဏာသက်ရောက်နေမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ချက်သည် ဖော်ပြပါရာထူးနေရာအတွက် အရည်အချင်းသတ်မှတ်ထားသည့် ဥပဒေ၏ တိကျခိုင်မာမှုကို ဖော်ပြခြင်း

ဖြစ်သည်။ သို့ရာတွင် အထက်ဖော်ပြပါ စီရင်ထုံးဥပဒေ (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ချမှတ်သည့် စီရင်ချက်သည် စီရင်ထုံးဥပဒေဖြစ်ခြင်းကိုဆိုလိုသည်) အရ လိုက်နာမည်ဆိုပါက စီရင်ချက်သည် နောက်ကြောင်းပြန်သက်ရောက်သင့်ပြီး ၎င်း၏ လုပ်ရပ်များအားလုံး အကျုံးမဝင်ဟု ထင်ရပေမည်။ ထို့အပြင် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပျက်ပြယ်စေသည့် အကြောင်းအရင်းများအနက်မှ တစ်ခုသည် အရည်အချင်းမရှိခြင်းဖြစ်ပြီး ဝန်ကြီးသည် ယခင်ခန့်အပ်စဉ်က အရည်အချင်းမပြည့်မီပါက ယင်းလုပ်ရပ်များသည် တရားမဝင်ဟူသည့် အကြောင်းဖြစ်လာနိုင်သည်။ သို့သော် ယင်းသည် တရားဥပဒေစိုးမိုးရေးနှင့်အညီ အုပ်ချုပ်သည့်နိုင်ငံတစ်နိုင်ငံတွင် မလိုလားအပ်သော ရှုပ်ထွေးမှုများနှင့် ပရမ်းပတာ အခြေအနေတစ်ရပ်ကို ဖန်တီးခြင်းပင်ဖြစ်သည်။

## ၉။ သုံးသပ်ချက်

ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကဲ့သို့ ပုဂ္ဂလိကတစ်ဦးချင်းတိုက်ရိုက်တိုင်လျှောက်မှုအား ခွင့်ပြုထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ထို့အတူ တင်သွင်းခွင့်ရှိသူများတွင်လည်း မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဥပဒေပြဋ္ဌာန်းသတ်မှတ်ချက်အတိုင်း အဆင့်မြင့်အခွင့်အာဏာရှိသူများသည်သာလျှင် အမှုတင်သွင်းခွင့်၊ လျှောက်ထားခွင့် ပေးအပ်ထားမှု တူညီနေကြောင်း တွေ့ရှိရပါသည်။

ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစီရင်ချက်၏ အကျိုးသက်ရောက်မှုမှာ အမှုနှင့်သက်ဆိုင်သူများသာမက တရားရုံးများအားလုံး၊ နိုင်ငံတော်အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံသားများအားလုံးအတွက် အပြီးအပြတ်အတည်ဖြစ်ပြီး ဥပဒေအရ စည်းနှောင်မှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ယခင် ၂၀၁၀ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ၂၅တွင် ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစီရင်ချက်၏ အကျိုးသက်ရောက်မှုကဲ့သို့ ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းပုဒ်မ ၂၅ ကို ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၄၊ ပုဒ်မ

၄ ဖြင့် ပယ်ဖျက်ခဲ့ပါသည်[16]။ မိမိတို့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစီရင်ချက်၏ အကျိုးသက်ရောက်မှုအား ပိုမိုခိုင်မာစေရန်အတွက် ယခင်ပုဒ်မ ၂၅ ကို ပြန်လည် ထည့်သွင်းပြဋ္ဌာန်းမည်ဆိုပါက သင့်လျော်မည်ဟု ထင်မြင်သုံးသပ်တင်ပြအပ်ပါသည်။

ထို့ပြင် ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးစီရင်ချက်၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ စာတမ်းတွင်ပါရှိသော အမှု ၂ ခုအား လေ့လာရာတွင်– ဘူလ်ဂေးရီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၁ (ခ)[17] နှင့်အညီ စီရင်ချက်ချက်မှတ်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။ သို့ရာတွင် ပထမအမှုတွင် စာတမ်းရှင်က အမြင်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုသကဲ့သို့ သဘောသက်ရောက်သည်ဟု ထင်ရသော်လည်း အမှန်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တရားဥပဒေစိုးမိုးရေးဆိုင်ရာမူသဘောတရားများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးသက်ရောက်မှုနှင့် တရားရုံးစီရင်ချက်များ၏ ထိရောက်မှုတို့ကိုလည်းကျင့်သုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်ဟု တင်ပြခဲ့ပါသည်။

## နိဂုံး

ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယင်းစီရင်ချက်များ၏ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေလွှမ်းမိုးသက်ရောက်မှုနှင့် ဥပဒေအရခိုင်မာမှုတို့အပြင် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးအရ မလိုလားအပ်သော ရှုပ်ထွေးမှုများမဖြစ်စေရန် ထိန်းညှိဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိပါသည်။

---

[16] ၂၀၁၀ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၅ အရ ခုံရုံး၏ဆုံးဖြတ်ချက်များသည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသို့လည်းကောင်း၊ သက်ဆိုင်ရာနေရာဒေသအသီးသီးသို့လည်းကောင်း အာဏာသက်ရောက်စေရမည်” ဟု ပြဋ္ဌာန်းခဲ့ပါသည်။

[17] Bulgaria’s Constitution of 1991 (rev.2015) under Article 151 (b) “Rulings of the Constitutional Court shall be promulgated in State Gazette within 15 days from the date on which they are issued. A ruling shall come into force three days after its promulgation. Any act found to be unconstitutional shall cease to apply as of the date on which the ruling shall come into force”.

**ကျမ်းကိုးစာရင်း**

၁။ Bulgaria - Wikipedia

၂။ Bulgaria's Constitution of 1991 (rev.2015)

၃။ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၂) ၂၀၂၁ ခုနှစ်